## ပုထုဇဉ်ဟူသည်

ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနော။
များစွာသော ကိလေသာတို့ကို ဖြစ်စေတတ်သောကြောင့် ပုထုဇဉ်

နာနာ သတ္ထာရာနံ မုခံ ဥလ္လောကေန္တီတိ ပုထုဇ္ဇနော။
အမျိုးမျိုးသောဆရာ အမျိုးမျိုးသောဘုရားတို့၏ မျက်နှာကို မော်၍ ကြည့်တတ်သောကြောင့် ပုထုဇဉ်။
များစွာသက္ကာယဒိဋ္ဌိရှိသောကြောင့် ပုထုဇဉ်။

## ပုထုဇဉ်တို့၏မဟာအမှား

ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ကိုးကွယ်ဘုရား မှားမှုသည် မဟာအမှားကြီး ဖြစ်၏။
ကိုးကွယ်ရာဘုရားမှားခဲ့လျှင် ကိုယ်ကျင့်တရားလည်း မှား၏။

## သောတာပန်

ဟိမဝန္တာမှ စီးဆင်းလာသော မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ ရေအယဉ်တို့သည် နောက်သို့ ပြန်ခြင်းမရှိမူ၍ မဟာသမုဒ္ဒရာသို့ အရောက်စီးသွားကြသောကြောင့် သောတမည်၏။

ထို့အတူ အရိယာပုဂ္ဂိုလ်တို့သည် ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်သို့ တဖန်ပြန်ရောက်ခြင်း မရှိကြမူ၍ အနုပါဒိသေသ နိဗ္ဗာန်သို့သာ တစ်ဖြောင့်တည်း ဆန်တက်၍ သွားကြသောကြောင့် ဓမ္မသောတခေါ်၏။

| | |
|---|---|
| ၁။ သမ္မာဒိဋ္ဌိသောတ | ၂။ သမ္မာသင်္ကပ္ပသောတ |
| ၃။ သမ္မာဝါစာသောတ | ၄။ သမ္မာကမ္မန္တသောတ |
| ၅။ သမ္မာအာဇီဝသောတ | ၆။ သမ္မာဝါယာမသောတ |
| ၇။ သမ္မာသတိသောတ | ၈။ သမ္မာသမာဓိသောတ |

သမ္မာဒိဋ္ဌိသောတဆိုသည် သက္ကာယဒိဋ္ဌိ အနုသယပျက်စီးကုန်ဆုံးသွားသော အခါ၌ သစ္စာလေးပါးကို အလင်းမြင်နိုင်သော သမ္မာဒိဋ္ဌိဖြစ်၍ တည်၏။

အရိယာသောတသို့ အစဦးစွာ ရောက်သောပုဂ္ဂိုလ်သည် သောတာပန်မည်၏။

ပုထုဇဉ်နှင့်သောတာပန်တို့ အသိဉာဏ် ကွာခြားချက် (၇) မျိုး

(ကောသမ္ဗိယသုတ်၊ မူလပဏ္ဏာသ၊ ၃၉၈)